

# "လူမျိုးတုန်းသတ်ဖြတ်မှု၏ လက်နက်ကိရိယာများ"

နိုင်ငံသားစိစစ်မှုသက်သေခံကဒ်ပြားများနှင့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်ဆလင်များ၏ နိုင်ငံသားဖြစ်ခွင့်ကို ငြင်းပယ်ခြင်း

၂၀၁၉ ခုနှစ် စက်တင်ဘာလ

FORTIFY RIGHTS

# "လူမျိုးတုန်းသတ်ဖြတ်မှု၏ လက်နက်ကိရိယာများ"

## နိုင်ငံသားစိစစ်မှုသက်သေခံကဒ်ပြားများနှင့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်ဆလင်များ၏ နိုင်ငံသားဖြစ်ခွင့်ကို ငြင်းပယ်ခြင်း

**မျက်နှာဖုံးပုံ**

D.M. (၆၅ နှစ်) မှ နှစ်စဉ်ကောက်ယူသော အိမ်ထောင်စုစစ်တမ်းတစ်ခုတွင် မြန်မာအာဏာပိုင်များမှ ရိုက်ကူးပေးထားသော မိသားစု ဓါတ်ပုံတစ်ပုံအား ပြသနေစဉ်။ ၂၀၁၆ ခုနှစ်တွင် မြန်မာစစ်တပ်မှဦးဆောင်သော တိုက်ခိုက်မှုများအပြီးတွင် D.M. သည် ၄င်း၏သား ၃ ယောက်နှင့်အတူ မြန်မာနိုင်ငံမှ ထွက်ပြေးခဲ့သည်။

©Saiful Huq Omi, Counter Foto, August 2019

**FORTIFY RIGHTS**

Fortify Rights သည် လူသားအားလုံး လူ့အခွင့်အရေး အမှန်တကယ် ရရှိပိုင်ဆိုင်နိုင်ရန် လုပ်ဆောင်သည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေး ချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးဖော်ထုတ်သည်။ အာဏာပိုင်များအား အဖြေရှာဖြေရှင်းမှုများတွင် ပါဝင်စေသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရသော လူမှုအသိုက်အဝန်းများနှင့် အရပ်ဘက်လူမှုအသိုက်အဝန်းတို့၏ လုပ်ဆောင်မှုများကို သန်မာအားကောင်းစေသည်။ ကျွန်ုပ်တို့သည် သက်သေအထောက်အထား အခြေခံသုတေသနပြု လေ့လာမှု၏ လွှမ်းမိုးနိုင်စွမ်း၊ မဟာဗျူဟာမြောက် အမှန်တရားပြောဆိုတင်ပြမှု၏ စွမ်းအား၊ လူပုဂ္ဂိုလ်များ၊ လူမှုအသိုက်အဝန်းများနှင့် အပြောင်းအလဲကို တွန်းအားပေးသော လှုပ်ရှားဆောင်ရွက်မှုများနှင့် နီးနီးကပ်ကပ် လုပ်ကိုင်ဆောင်ရွက်မှု၏ အရေးပါမှုတို့ကို ယုံကြည်သည်။ ကျွန်ုပ်တို့သည် အမေရိကန်ပြည်ထောင်စုနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် မှတ်ပုံတင်ထားပြီး၊ အရှေ့တောင်အာရှတွင် အခြေစိုက်သော လွတ်လပ်ပြီး၊ အမြဲအခိုကင်းသည့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။




A.Z. (၇၈ နှစ်) မှ မြန်မာနိုင်ငံတွင် ၎င်းနေထိုင်ခဲ့သော အထောက်အထားအား ပြသနေစဉ်။

"ကျွန်တော်မှာ မိသားစုဓါတ်ပုံရှိတယ်။ ကျွန်တော့်မြေအတွက် စာရွက်စာတမ်းတွေ ကျွန်တော့်မှာရှိတယ်။ ကျွန်တော့်မှာ အိမ်ထောင်စု စာရင်းရှိတယ်။" သူသည် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် မြန်မာစစ်တပ်မှ ဦးဆောင်သော တိုက်ခိုက်မှုများစတင်အပြီး ၁၆ရက်အကြာတွင် ထွက်ပြေး ခဲ့သည်။ "သူတို့က ရွာတွေကို မီးရှို့ခဲ့ကြတယ်။" ဟုသူက ပြန်ပြောင်း ပြောပြ သည်။ "ကျွန်တော် NVC ကဒ်ကို မယူခဲ့ဘူး။ ယူလာရင်၊ ခင်ဗျား ဘင်္ဂလီ ဖြစ်သွားပီ ... မြန်မာနိုင်ငံမှာ ကျွန်တော်တို့၏ သွားလာလှုပ်ရှားမှုတွေကို ပြင်းပြင်းထန်ထန် အကန့်အသတ်ခံရတယ်။ ကျွန်တော်တို့ကို အနီးအနား ပါတ်ဝန်းကျင်ကိုတောင် သွားခွင့်မပြုဘူး။"

©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။






F.Z. (၂၅နှစ်) မှ ၁၉၉၀ ခုနှစ်များ၏ အစပိုင်းတွင် မြန်မာ အာဏာပိုင်များက ရိုဟင်ဂျာများအား ထုတ်ပေးခဲ့သည့် သူမ၏ ယာယီသက်သေခံလက်မှတ် မိတ္တူတစ်ခုအား ပြသနေစဉ်။ NVC ကဒ်များကဲ့သို့ပင် ထိုကဒ်များသည် နိုင်ငံသားဖြစ်ခွင့်ကို မပေးပါ။ ၂၀၁၇ခုနှစ်တွင် သူမသည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ သူမ၏ ဇာတိ ရသေ့တောင်မြို့နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့သည်။ "သူတို့က ကျွန်မတို့ကို ရိုဟင်ဂျာအဖြစ် လက်ခံ ရမယ်။ သူတို့က ကျွန်တို့ကို မြန်မာနိုင်ငံရဲ့ တစ်စိတ်တစ်ဒေသအဖြစ် ထည့်သွင်းစဉ်းစားရမယ် ... ကျွန်မကအသက် ၂၅ နှစ်ရှိပြီး၊ ဒုက္ခသည် နှစ်ခါဖြစ်ပြီးပြီ။ ဒီကမ္ဘာကြီးမှာ ငြိမ်းချမ်းမှုတစ်ခုခု ကျွန်မ မတွေ့ရဘူး။ ဘယ်တော့မှ အစားအသောက်အလုံအလောက် မရှိဘူး၊ မြန်မာနိုင်ငံမှာ ဘယ်တော့မှ လုံခြုံမှုမရှိဘူး။"

©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။

# အကျဉ်းချုပ်

"လူသားတို့၏ ကိုယ်ပိုင်သရုပ်လက္ခဏာဖြစ်တည်မှုနှင့် ပတ်သက်ပြီး နိုင်ငံရေးလွှမ်းမိုးမှုများကို ဆထက်တိုးပြုလုပ်ခြင်း၊" အကာအကွယ်ပေးခံရသော အုပ်စုများအား ပစ်မှတ်ထား ခွဲခြားဆက်ဆံသည့် "အစီအမံများ သို့မဟုတ် ဥပဒေများ" ချမှတ်ဆောင်ရွက်ခြင်း အစရှိသည့်လုပ်ရပ်များသည် "ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများဖြစ်ပွားစေရန် အားပေးအားမြှောက်ပြုသည့် အနေအထားတစ်ခုကို ဖန်တီးသည့်" လုပ်ရပ်များဖြစ်ကြပြီး၊ ထိုကဲ့သို့သော လုပ်ရပ်အချို့နှင့်ပတ်သက်ပြီး လူမျိုးတုန်းသတ်ဖြတ်မှု ဟန့်တားရေးဆိုင်ရာ ကုလသမဂ္ဂရုံးမှ သတိပေးချက်ထုတ်ပြန်ထားပါသည်။ လူအုပ်စုတစ်စု၏အဖွဲ့ဝင်များအား သတ်ဖြတ်မှုကဲ့သို့သော သီးခြားတားမြစ်ထားသည့် လုပ်ရပ်များအပြင် လူမျိုးတုန်းသတ်ဖြတ်မှုများအား ကျူးလွန်သော နိုင်ငံများသည် ၎င်းတို့ပစ်မှတ်ထားသည့် အုပ်စုတစ်စုအား တိုက်ခိုက်ဖျက်ဆီးရန်အတွက် အထောက်အပံ့ဖြစ်စေသော ဥပဒေနှင့်အုပ်ချုပ်မှုဆိုင်ရာ နည်းလမ်းများအား "အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအနေဖြင့်" မကြာခဏ အသုံးပြုကြပါသည်။

မြန်မာနိုင်ငံတွင်အစိုးရအဆက်ဆက်သည် ရိုဟင်ဂျာမွတ်ဆလင်များ၏ ဖြစ်တည်မှုနှင့် အခွင့်အရေးများအား ဖျောက်ဖျက်ရန်အတွက် အစီအမံများနှင့် ဥပဒေများကို အကောင်အထည်ဖော်ခဲ့ပြီး၊ လူမျိုးတုန်းသတ်ဖြတ်မှုအတွက် လုပ်ဆောင်နိုင်သော အနေအထားတစ်ခုကို ဖန်တီးလျှက်ရှိပါသည်။

ဤအစီအရင်ခံစာမှ မြန်မာအစိုးရသည် ရိုဟင်ဂျာများအား နိုင်ငံသားဖြစ်ခွင့်ကိုငြင်းပယ်ရန်အတွက် ခွဲခြားဆက်ဆံသည့် အုပ်ချုပ်မှုဆိုင်ရာအစီအမံများပြုလုပ်နေကြောင်းကို မှတ်တမ်းတင်ထားသည်။ အစိုးရက ရိုဟင်ဂျာများအား "နိုင်ငံခြားသားများ"ဟု ခွဲခြားထားသည့် နိုင်ငံသားစိစစ်ရေးကဒ်များကို ရိုဟင်ဂျာများက လက်ခံလာစေရန် အင်အားသုံးခြင်း၊ အတင်းအကျပ်ခိုင်းစေခြင်းတို့ကို ပြုလုပ်ခဲ့ပြီး၊ မြန်မာအာဏာပိုင်များမှ



N.F. (၂၀ နှစ်) သည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မြောက်ပိုင်း ရသေ့တောင်မြို့နယ်မှ ထွက်ပြေးလာခဲ့သည်။ သူမသည် အပျိုဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်တွင် တယောက်တည်းဖြစ်ကာ လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအပေါ်တွင် လုံး၀ မှီခိုနေရသည်။

©Saiful Huq Omi, Counter Foto, Cox’s Bazar District, Bangladesh, , ဩဂုတ်လ ၂၀၁၉။

ရိုဟင်ဂျာများအား နှိပ်စက်ခြင်း၊ NVC လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် ရိုဟင်ဂျာများအား လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်ကို ကန့်သတ်ခြင်းတို့ ပြုလုပ်ခဲ့သည်။

ဤအစီအရင်ခံစာတွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာနိုင်ငံတကာစာချုပ်၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာစာချုပ်၊ ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာစာချုပ်နှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေး ကုလသမဂ္ဂ သဘောတူစာချုပ်များ အပါအဝင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသော အဓိကလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာဥပဒေကို NVC လုပ်ငန်းစဉ်က ချိုးဖောက်နေပြီး၊ လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သောပြစ်မှုများကျူးလွန်ခြင်းကိုဖြစ်ပွားစေသည်ဟု တွေ့ရှိရပါသည်။

ရိုဟင်ဂျာများသည် ဗုဒ္ဓဘာသာဝင်အများစုနေထိုင်သော မြန်မာနိုင်ငံတွင်နေထိုင်သော တိုင်းရင်းသားလူနည်းစု ဒေသခံများဖြစ်ကြသည်။ အများစုမှာ မွတ်ဆလင်ဖြစ်ကြသည်။ ၁၉၈၂ ခုနှစ်တွင် အသက်ဝင်ခဲ့သော နိုင်ငံသားဥပဒေတစ်ခုကို အသုံးပြုပြီး အစိုးရသည် နိုင်ငံတော်မှသတ်မှတ်ထားသော “နိုင်ငံသား” တိုင်းရင်းသားအုပ်စုများတွင်မပါဝင်သူများကို နိုင်ငံသားဖြစ်ခွင့် ငြင်းဆန်လျှက်ရှိသည်။ နိုင်ငံတော်က အသိအမှတ်ပြုထားသော နိုင်ငံသား တိုင်းရင်းသားအုပ်စု ၁၃၅ ခု၏ အငြင်းပွားဖွယ်ရာ ဥပဒေမဲ့စာရင်းအပေါ်တွင် မှီခိုအားထားနေသည်။ ရိုဟင်ဂျာများသည် မြန်မာအစိုးရမှ သတ်မှတ်ထားသည့် “နိုင်ငံသား” တိုင်းရင်းသားအုပ်စုများတွင် မပါဝင်ရာ ထိုဥပဒေမှ ၎င်းတို့အား နိုင်ငံသားဖြစ်ခွင့် အခွင့်အရေးများအားလုံးကို ဖယ်ရှားထားသည်။

နှစ်ပေါင်းများစွာ မြန်မာနိုင်ငံရှိ အစိုးရအဆက်ဆက်သည် ရိုဟင်ဂျာများအတွက် အခွင့်အရေးများအား အဆင့်ဆင့်ကန့်သတ်ရန်အတွက် အုပ်ချုပ်မှုဆိုင်ရာ “နိုင်ငံသားဖြစ်ခွင့် စိစစ်ရေး” လုပ်ငန်းစဉ်များကို ဖန်တီးခဲ့ကြသည်။



N.F. (၂၀ နှစ်) မှ မြန်မာအစိုးရ ထုတ်ပေးထားသော သူမ၏ ယာယီသက်သေခံလက်မှတ်အား ပြသနေစဉ်။

©Saiful Huq Omi, Counter Foto, Cox’s Bazar District, Bangladesh, ဩဂုတ်လ ၂၀၁၉။

ဒေါ် အောင်ဆန်းစုကြည်အစိုးရလက်ထက်တွင် အကောင်အထည်ဖော်ခဲ့သော NVC လုပ်ငန်းစဉ်တွင် ရိုဟင်ဂျာများသည် "ဘင်္ဂလီ" သို့မဟုတ် ရိုဟင်ဂျာများအား "နိုင်ငံခြားသား" အဆင့်သို့ အဆင့်ချထားသည့် အခြားနိုင်ငံခြား ဖြစ်တည်မှု တစ်ခုအနေဖြင့် မှတ်ပုံတင်ရန်လိုအပ်သောကြောင့် ၎င်းတို့အား နိုင်ငံသားအပြည့်အဝဖြစ်ခွင့်ကို ငြင်းပယ်ကာ အုပ်ချုပ်ရေး စာရင်းဖျောက်ဖျက်ခြင်းကို ဖြစ်ပေါ် စေသည်။

"NVC ဖောင်ပုံစံအပေါ် မှာ သူကမေးထားတယ်၊ "မင်းဘယ်ကလာသလည်း?"၊ "မင်းဘယ်နယ်စပ်မှ ဂင်လာခဲ့တာလည်း?"၊ "မြန်မာနိုင်ငံကို မင်းဘယ်လိုလာခဲ့သလည်း?"၊ ဟု မြန်မာနိုင်ငံ မောင်တောမြို့နယ်မှ အသက် ၃၀ နှစ်ရှိ ရိုဟင်ဂျာအမျိုးသားမှ Fortify Rights သို့ ပြောပြသည်။ "ကျွန်တော်တို့က ရွှေ့ပြောင်း အခြေချသူတွေမဟုတ်ပါဘူး။ NVC အတွက် ဖြည့်ရတဲ့ စာရွက်စာတမ်းကကျွန်တော်တို့ကို အရှက်ရစေတယ်။ ဒီဖောင်မှာ ကျွန်တော်တို့ကို အပြင်လူတွေလို့ ပြောထားတယ်။"

ဤအစီအရင်ခံစာသည် Fortify Rights မှ ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ  မြန်မာနိုင်ငံ ရခိုင်ပြည်နယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Cox’s Bazar ခရိုင်နှင့် မလေးရှားနိုင်ငံ Kualalumpur မြို့တို့တွင် ရိုဟင်ဂျာ အမျိုးသမီး  ၃၀၄ ဦးအပါအဝင် တွေ့ဆုံမေးမြန်းမှု ၆၀၈ ခုအပေါ် တွင် အခြေခံထားသည်။ Fortify Rights မှ အရပ်ဘက် အဖွဲ့အစည်း အဖွဲ့ဝင်များနှင့် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ်  မျက်မြင်သက်သေများ နှင့် လွတ်မြောက်လာသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

"NVC ဟာ လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ လက်နက်ကိရိယာတစ်ခုဖြစ်တယ်၊" ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာ ဒုက္ခသည်တဦးမှ Fortify Rights သို့ အင်္ဂလိပ်ဘာသာစကားဖြင့် ပြောပြခဲ့သည်၊ ထို့နောက် ၎င်းက ဆက်ပြီး "ကျွန်တော်တို့ကို ကျွန်တော်တို့ရဲ့ နိုင်ငံသားဖြစ်ခွင့်  အရင်ပြန်ပေးစေချင်ပြီး ကျွန်တော်တို့ ရဲ့အမိမြေမှာလည်း သာတူညီမျှမှု၊ ဘေးကင်းလုံခြုံမှု ရှိသင့်တယ်။"

## နိုင်ငံသားစိစစ်မှုသက်သေခံကဒ်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ။

မြန်မာအစိုးရသည် ရိုဟင်ဂျာများ၏အခွင့်အရေးအား ချိုးဖောက်ရန်အတွက် NVC လုပ်ငန်းစဉ်ကို အသုံးပြုခဲ့ပြီး၊ ထိုလုပ်ငန်းစဉ်ကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြစ်ပေါ် စေသည်။

"ကျွန်တော့်တကိုယ်လုံး အရိုက်ခံရတယ်။ ကျွန်တော့်ခေါင်း၊ ကျော၊ ရင်ဘတ်နဲ့ ကျွန်တော့်တကိုယ်လုံး" ဟု အသက် ၆၂ နှစ်ရှိ ရိုဟင်ဂျာ လယ်သမားတစ်ဦးမှ မြန်မာအာဏာပိုင်များ၏ ရိုက်နှက်မှုများကို Fortify Rights သို့ ပြောပြခဲ့သည်။ ထိုအာဏာပိုင်များကပင် ၎င်းအား "ခင်ဗျား NVC ကိုလက်မခံရင် ခင်ဗျားကို သတ်ပစ်မယ်" ဟု ပြောကာ ၎င်းအား NVC ကို လက်ခံရန် ခြိမ်းခြောက်ခဲ့သည်။

၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့ အခြားဖြစ်စဉ်တစ်ခုတွင် မြန်မာစစ်သားများနှင့် အစိုးရအရာရှိများက ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ဘန်ဒူးလကျေးရွာဟုခေါ် သော ဘော်တူလာကျေးရွာသို့ ဂင်ရောက်လာပြီး ရိုဟင်ဂျာအုပ်စုများအား NVC ကိုလက်ခံရန် အင်အားသုံးကာ အချို့ကိုသေနတ်နှင့်ချိန်၍ ခြိမ်းခြောက်ခဲ့သည်။

"စစ်သားတွေက သေနတ်တွေကိုင်ထားပြီး တံခါးတွေကိုပိတ် ကျွန်တော်တို့ကို ပိုင်းထားတယ်" ဟု အသက် ၆၁ နှစ်ရှိ ရိုဟင်ဂျာအမျိုးသားမှ Fortify Rights သို့ ပြောပြသည်။ မြန်မာအာဏာပိုင်များမှ ၎င်းနှင့်၎င်း၏မိသားစုဝင် ၇ ယောက်အနက် ၄ ယောက်အား NVC ကိုလက်ခံရန် အတင်းအကျပ်စေခိုင်းခဲ့သည်။ "သူတို့က ယောကျ်ားနဲ့မိန်းမ တွေကိုခွဲလိုက်တယ်... NVC ကို လက်ခံဖို့ ခြိမ်းခြောက်မှုတွေက တကယ်ရှိတယ်။ အဲ့တာက ကျွန်တော်တို့အတွက် ကြောက်စရာကောင်းတဲ့ အခြေအနေတစ်ခုပါပဲ။"

ရက်သတ္တပတ်များအကြာ၊ ၂၀၁၇ခုနှစ် ဩဂုတ်လတွင်၊ မြန်မာစစ်တပ်မှ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အရပ်သားများအား စတင်တိုက်ခိုက်ခဲ့ပြီး ဘော်တူလာရွာသား အချို့အား ဘင်္ဂလားဒေ့ရှ် နိုင်ငံ သို့ ထွက်ပြေးစေရန် အင်အားသုံးခဲ့သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတို့မှစတင်ပြီး ရဲတပ်ဖွဲ့အပေါ်  ရိုဟင်ဂျာစစ်သွေးကြွများ၏ တိုက်ခိုက်မှုအပေါ်  လက်တုံ့ပြန်သောအားဖြင့်ဟုဆိုကာ မြန်မာလုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သား ကျူးလွန်သူများမှ ရိုဟင်ဂျာကျေးရွာ ရွာပေါင်းများစွာကို ဖျက်ဆီးခဲ့ပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းတလျှောက် ရိုဟင်ဂျာအမျိုးသမီး၊ အမျိုးသားနှင့် ကလေးငယ်များအပေါ်  အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများနှင့် အစုလိုက် အပြုံလိုက် မုဒိန်းကျင့်မှုများကို ကျူးလွန်ခဲ့ကြပြီး၊ ရိုဟင်ဂျာ ၈သိန်းနီးနီးအား ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးစေခဲ့သည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် Fortify Rights မှ မြန်မာအာဏာပိုင်များသည် ရိုဟင်ဂျာများကို တိုက်ခိုက်ရန်အတွက် ကျယ်ပြန့်ပြီးစနစ်ကျသော ပြင်ဆင်မှုများအား ပြုလုပ်ခဲ့ပုံနှင့် ထိုရာဇဝတ်မှုများသည် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများဖြစ်ကြောင်းကို Forfity Rights မှဖော်ထုတ်ခဲ့သည်။

အလားတူပင် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင်၊ မြန်မာလုံခြုံရေးတပ်ဖွဲ့များမှ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်အတွက် ၂၀၁၇ ခုနှစ် မတ်လတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေး မစ်ရှင် (FFM) မှ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ် လူမျိုးတုန်း သတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်စုများအပေါ် ကျူးလွန်သောပြစ်မှုများကို ကျူးလွန်ထားသော ရာဇဝတ်မှုများအတွက် "တပ်မတော်(စစ်တပ်) ထိပ်ပိုင်းခေါင်းဆောင်များအား စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှုများ ဆောင်ရွက်ရန်အတွက် လုံလောက်သော သတင်းအချက်အလက်များရှိသည်" ဟု သုံးသပ်ခဲ့သည်။

၎င်းတွေ့ရှိမှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် FFM မှ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ NVC အား လက်ခံရန်အတွက် ဖိအားပေးမှုများ တိုးမြင့်လာပုံနှင့် NVC အား ရွာသားများမှ လက်ခံရန် တောင်းဆိုသည့် ပစ်မှတ်ထားရန်ရှာသော အစည်းအဝေးများကို နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် မြန်မာစစ်သားများမှ ရိုဟင်ဂျာ ရပ်မိရပ်ဖများနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လလယ်တွင်ပြုလုပ်ခဲ့ကြောင်း အစီရင်ခံထားသည်။ FFM အရ ထိုအစည်းအဝေးများသည် နောင်းပိုင်းတွင် ဖြစ်ပွားခဲ့သည့် အရက်စက်ဆုံးသော ရှင်းလင်းရေး၊ စစ်ဆင်ရေးများ ပြုလုပ်ခဲ့ရာ ကျေးရွာများတွင် လုပ်ဆောင်ခဲ့သည်။

Fortify Rights မှ မှတ်တမ်းတင်ထားသည့် ဖြစ်စဉ်များတွင် ရိုဟင်ဂျာများမှ ၂၀၁၇ ခုနှစ် ဩဂုတ်လ မတိုင်မီ ရက်သတ္တပတ်များနှင့်လများတွင် NVC ကဒ်အား လက်ခံရန် အုပ်စုလိုက် ငြင်းဆိုခဲ့ကြပြီး၊ အကျိုးဆက်အားဖြင့် မြန်မာစစ်တပ်မှ ၎င်းတို့ကို တိုက်ခိုက်ခဲ့သည်ဟု ယုံကြည်ကြောင်း ရိုဟင်ဂျာများမှ Fortify Rights သို့ ပြောကြားခဲ့သည်။

NVC ကို လက်ခံရန်အတွက် သွားလာလှုပ်ရှားမှုများအပေါ် ထပ်ဆောင်းကန့်သတ်မှုများကို နေရာတိုင်းတွင်တွေ့ရသော စစ်တပ်နှင့်ရဲ စစ်ဆေးရေးဂိတ်များမှတစ်ဆင့် လုပ်ဆောင်ခြင်းဖြင့် အာဏာပိုင်များမှ ရိုဟင်ဂျာများအား ဆက်လက်ဖိအားပေးခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ NVC ကိုင်ဆောင်ထားသည့် ရိုဟင်ဂျာများအား ဖြတ်သန်း သွားလာခွင့်မပေးသောကြောင့် ရိုဟင်ဂျာများသည် စစ်ဆေးရေးဂိတ်များတွင် အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု၊ ငွေညှစ်မှုနှင့် အခြားရက်စက်မှုများကို မကြာခဏ ကြုံတွေ့ရသည်။



O.M သည် အသက် ၅၅ နှစ်ရှိပြီး ရိုဟင်ဂျာလူမျိုး ကလေး ၈ ယောက်၏ ဖခင်ဖြစ်ကာ ရခိုင်ပြည်နယ်တွင် မြေပိုင်ရှင်တစ်ဦးလည်း ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် စစ်တပ်ဦးဆောင်သော တိုက်ခိုက်မှုများမှ လွတ်မြောက်ရန်အတွက် မြန်မာနိုင်ငံမှထွက်မပြေးမီ လယ်သမားတစ်ဦးဖြစ်ခဲ့သည်။ "စစ်တပ်က အရင်ရွေးကောက်ပွဲမတိုင်မီ နှစ်အနည်းငယ်တုန်းက ကျွန်တော်တို့ကို စာရွက်စာတမ်းတွေ ပေးခဲ့တယ်။ သူတို့ အတွက် ကျွန်တော်တို့ကို မဲပေးခိုင်းပြီး၊ ကျွန်တော်တို့ မဲပေးခဲ့ရင် နိုင်ငံစက်မခံရဘူးလို့ ကတိပေးခဲ့တယ်။ မဲပေးတာတွေပြီးသွားတော့ ကျွန်တော်တို့ကို စပြီး နောက်တစ်ကြိမ် နှိပ်စက်ကြတယ်။ လူဝင်မှုကြီးကြပ်ရေး ကလူတွေ ကျွန်တော်တို့ရွာကိုလာပြီး NVC ကဒ်တွေ ကျွန်တော်တို့ကို ယူခိုင်းတော့ ကျွန်တော်တို့ မယူချင်ခဲ့ဘူး။ ရွာကနေ ကျွန်တော်တို့ ထွက်ပြေးပြီး အနီးအနားက တောင်တွေမှာ သွားပုန်းနေကြတယ်။"

©Saiful Huq Omi, Counter Foto, Cox’s Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။



N.M (၇၅နှစ်) မှ ၎င်း၏ မူရင်း သက်တမ်းကုန်ယာယီ သက်သေခံလက်မှတ် အပ်နှံပြီးစီးကြောင်း အထောက်အထားစာရွက် လက်ခံအား ပြသနေစဉ်။ ၂၀၁၅ ခုနှစ် မတ်လတွင် ၎င်းတို့၏ ယာယီသက်သေခံလက်မှတ်များ ရုတ်သိမ်းပြီးနောက် မြန်မာအစိုးရမှ ထိုလက်ခံ စာရွက်များကို ရိုဟင်ဂျာများအား ထုတ်ပေးခဲ့သည်။ ယာယီသက်သေခံ လက်မှတ်ကဲ့သို့ပင် ထိုလက်ခံစာရွက်များသည် မည်သည့်အခွင့်အရေးကိုမျှ ပေးထားခြင်းမရှိပါ။ "(မြန်မာစစ်သားတွေက ကျွန်တော်တို့ကို NVC ကဒ်တွေယူခိုင်းတယ်။ ကျွန်တော်တို့က ငြင်းပယ်ပြီး 'ကျွန်တော်တို့ဟာ ရိုဟင်ဂျာတွေလို့ ခင်ဗျားတို့ ချရေးမှ ကဒ်ကိုယူနိုင်မယ်' လို့ ပြောခဲ့တယ်။ လုံခြုံရေးတပ်ဖွဲ့တွေက ပြောတယ်၊ 'မင်းတို့က ဘင်္ဂါလီတွေမို့ ငါတို့ မလုပ်ပေးနိုင်ဘူး။' ကျွန်တော်တို့ကို သေတဲ့ အထိရိုက်တောင် ကျွန်တော်တို့ NVC ကဒ် မယူဘူးဆိုတာ သူတို့သေသေချာချာ သိအောင် ပြောခဲ့တယ်။"
©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။

"လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ကျွန်တော် NVC ကဒ်မပြနိုင်လို့ ရိုက်တယ်၊" ဟု မောင်တောမြို့နယ်မှ အသက် ၅၈ နှစ်ရှိ ရိုဟင်ဂျာအမျိုးသားမှ အာဏာပိုင်များသည် ၎င်းအခြားမြို့နယ်တခုသို့သွားလာရန် ကြိုးပမ်းစဉ် စစ်ဆေးရေးဂိတ်တစ်ခုတွင် အာဏာပိုင်များမှ ၎င်းအား မည်သို့တားဆီးခဲ့သည်ကို Fortify Rights သို့ ပြောပြခဲ့သည်။ "သူတို့ ကျွန်တော့်ကို တုတ်တစ်ချောင်းနဲ့ နှိပ်စက်ခဲ့တယ်၊ ငွေညှစ်တယ်။ သူတို့ကျွန်တော့်ကို ပြန်ပို့ပြီး NVC ယူရမယ်လို့ ခြိမ်းခြောက်ခဲ့တယ်။"

ထို့အပြင် ရိုဟင်ဂျာများသည် NVC ကဒ် တစ်ခုကိုင်ထားမှသာလျှင် သက်မွေးဝမ်းကျောင်းမှုများ ပိုမိုလုပ်ကိုင်ခွင့်ရှိပြီး မိမိကိုယ်ကို "ဘင်္ဂါလီ" သို့မဟုတ် အခြားနိုင်ငံခြားသားဟု ဖော်ပြရန် ငြင်းဆန်သော ရိုဟင်ဂျာများအပေါ်တွင် ပြင်းထန်သော စီးပွားရေးဆိုင်ရာ ဖိအားပေးမှုများပြုလုပ်သည်။

"ပြီးခဲ့တဲ့နှစ် ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ အာဏာပိုင်တွေက ကျွန်တော့်ကို ငါးဖမ်းခွင့်မရှိဘူးလို့ ပြောတယ်" ဟု အသက် ၃၀ နှစ်ရှိ ရိုဟင်ဂျာတံငါသည်မှ Fortify Rights သို့ပြောပြသည်။ "NVC မရှိရင် ကျွန်တော်တို့ သွားလာလှုပ်ရှားခွင့်၊ အလုပ်လုပ်ခွင့်မရဘူး၊ ဒါ့ကြောင့် NVC ကို ယူရုံကလွဲပြီး ကျွန်တော့်မှာ ရွေးချယ်စရာမရှိခဲ့ဘူး၊"

NVC ကိုင်ဆောင်ထားလျှက်ပင် ရိုဟင်ဂျာများသည် လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်အား စနစ်တကျ ငြင်းပယ်ခံခဲ့ရသည်။ အစိုးရသည် ရိုဟင်ဂျာ ၅ သိန်းနီးနီးအား ရခိုင်ပြည်နယ်ရှိ မြို့နယ် ၅ မြို့နယ်တွင် တည်ရှိသော ပေရေစုတ်ချာနေသည့် ထိန်းသိမ်းရေးစခန်း ၂၄ ခုနှင့် သီးခြားတည်ရှိပြီး ဆင်းရဲသော ကျေးရွာများတွင် ပိတ်လှောင်ထားသည်။

## နိုင်ငံသားစိစစ်မှုသက်သေခံကဒ်များ၊ လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ရိုဟင်ဂျာဖြစ်တည်မှုသရုပ်လက္ခဏာ။

ရိုဟင်ဂျာများမှ NVC ကဒ်များအား လက်ခံစေရန်အတွက် ဖိအားပေးသည့်အနေဖြင့် မြန်မာအစိုးရမှ ချမှတ်ခဲ့သော ကန့်သတ်ချက်များသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လုပ်ငန်းများလုပ်ဆောင်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ ရိုဟင်ဂျာ အကူအညီပေးရေး

ဂန်ထမ်းများအနေဖြင့် ခရီးသွားလာရန်နှင့် ၄င်းတို့၏ လုပ်ငန်းများဆောင်ရွက်ရန်အတွက် NVC ကဒ်တခုကိုင်ဆောင်ထားရန် လိုအပ်သည်ဟု အစိုးရကသတ်မှတ်ထားသည်။ Fortify Rights အနေဖြင့် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်း ၅ ခုထက်မနည်းထံမှ ရိုဟင်ဂျာများအား NVC ကဒ်ကိုလက်ခံရန် မည်သို့ အတင်းအကျပ်စေခိုင်းခဲ့သည်ကို မှတ်တမ်းတင်ခဲ့သည်။

"ကျွန်တော့် မြန်မာနိုင်ငံဆိုင်ရာဒါရိုက်တာကပြောတယ်၊ 'ခရီးသွားလာခွင့်မရှိပဲ ကျွန်တော်တို့အဖွဲ့အစည်းနဲ့ ခင်ဗျားဘယ်လိုဆက်အလုပ်လုပ်မလဲ' တဲ့။ ကျွန်တော့်ရဲ့ တာဂန်တွေထမ်းဆောင်ဖို့အတွက် NVC ကဒ်ယူထားတာ ပိုကောင်းတယ်လို့ အကြံပေးခံရတယ်" ဟု ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာအကူအညီပေးရေး ဂန်ထမ်းတစ်ဦးမှ Fortify Rights သို့ ပြောသည်။ "(အေဂျင်စီ) ကပြောတယ်၊ အဲ့ဒီလိုမှမလုပ်ရင်၊ နောက်နှစ်ကျရင် ကျွန်တော့်ကို သူတို့ထပ်မငှားနိုင်ဘူးလို့။ ကျွန်တော့်အလုပ်လုံခြုံရေး အတွက် စပြီးစဉ်းစားလာခဲ့ရတယ်။ ရိုးရိုးသားသားပြောရရင် NVC ကို ကျွန်တော်ယူခဲ့ရတယ်။"

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာနှင့် နိုင်ငံခြားအကူအညီပေးရေးဂန်ထမ်းများမှ ရိုဟင်ဂျာဂန်ထမ်းများကို ၄င်းတို့၏အဖွဲ့အစည်းများနှင့် လုပ်ငန်းခွင်အတွင်း ရိုဟင်ဂျာဟုဖော်ထုတ်မပြောဆိုနိုင်ကြောင်း Fortify Rights သို့ ပြောပြခဲ့သည်။

"ကျွန်တော့်ရဲ့လုပ်ငန်းခွင်မှာ ကျွန်တော်ဟာ ရိုဟင်ဂျာတစ်ဦးပါလို့ မပြောပြနိုင်ခဲ့ဘူး၊"ဟု အသက် ၃၇ နှစ်ရှိ ရိုဟင်ဂျာတဦးမှ Fortify Rights သို့ ပြောသည်။ "အစည်းအဂေးတွေမှာ ဒါမှမဟုတ် ကျွန်တော် နဲ့ အလုပ်အတူတူလုပ်သူတွေကို ဒီအကြောင်း မပြောပြနိုင်ဘူး။" ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာမှု အထောက်အကူပေးရေး အဖွဲ့များတွင် တာဂန်ထမ်းဆောင်နေသည့် လက်ရှိ အကြီးတန်းဂန်ထမ်းများမှာလည်း လက်ရှိအနေအထားတွင် "ရေငုံနှုတ်ပိတ်နေရသည့် အလေ့အထ" နှင့် "မိမိဘာသာတိုးတိုးတိတ်တိတ်နေရသည့် ပါတ်ဂန်းကျင်" အကြောင်းပြောပြခဲ့ပြီး၊ Fortify Rights မှ မှတ်တမ်းတင်ခဲ့သော ဖြစ်စဉ်များသည် အဖွဲ့အစည်းများအတွင်း ရှင်းလင်းစွာဖော်ပြထားသော မူဂါဒများကြောင့်မဟုတ်ကြောင်း ပြောခဲ့သည်။



မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှ H.K (၇၅နှစ်) က ရင့်သီးရိုင်းစိုင်းသော လုပ်ဆောင်မှုများဖြစ်သည့် နှစ်စဉ်အိမ်ထောင်စု စစ်တမ်းများ၏ တစ်စိတ်တစ်ဒေသဖြစ်သော မြန်မာအာဏာပိုင်များမှ ထုတ်ပေးသည့် အိမ်ထောင်စုစာရင်းမိတ္တူအား ပြသနေစဉ်။ ရိုဟင်ဂျာ အများအပြားတွင် အခြား သက်သေခံအထောက်အထား ပုံစံများ မရှိကြပါ။ "ဘယ်သူမှ NVC ကဒ်ယူတာကို ကျွန်မ မတွေ့ခဲ့ဘူး... ကျွန်မလည်းကြောက် ပြီး မယူဖို့ ဆုံးဖြတ်ခဲ့တယ်။" ©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။




H.K., 75.
©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။

"F.Z.," 25.
©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။







N.M., 75.
©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။



၂၀၁၇ ခုနှစ် ဩဂုတ်လတွင်စတင်ခဲ့သော ရိုဟင်ဂျာများအပေါ် မြန်မာစစ်တပ်မှ ဦးဆောင်သည့် တိုက်ခိုက်မှုများတွင် M.S ၏ မိသားစုအဖွဲ့ဝင် ၃၅ ယောက် အသတ်ခံရပြီး၊ အခြားသူများမှာ ပြင်းထန်စွာ ဒါဏ်ရာရရှိခဲ့သည်။ "ကျွန်တော့်မှာ စိစစ်ရေးကဒ်ပြားရှိတယ်၊" ဟု သူကဆိုသည်။ "ကျွန်တော့် မိသားစုဝင်တွေမှာ မိသားစုဓါတ်ပုံ၊ အိမ်ထောင်စုဇယားတွေနဲ့ ကျွန်တော့်တို့မှာ မြေနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေ ရှိပါတယ်။ ဒီဟာတွေက (မြန်မာနိုင်ငံ) မှာ ကျွန်တော့်ဘဝရှိကြောင်း သက်သေထူနေပေမဲ့ NVC က ကျွန်တော့်ကို ဘင်္ဂါလီလို့ပဲခေါ်မှာ။ ဒါပေမဲ့ ကျွန်တော်က ရိုဟင်ဂျာ တစ်ယောက်ပါ။ ကျွန်တော်က ဘင်္ဂါလီမဟုတ်ပါဘူး၊ ကျွန်တော် NVC ကို ဘယ်တော့မှ လက်မခံပါဘူး၊ ကျွန်တော်တို့ရဲ့တောင်းဆိုချက် ၃ ခုရမှသာ ကျွန်တော် (မြန်မာနိုင်ငံ) ကို ပြန်မယ်။ သူတို့ ကျွန်တော်တို့ကို ရိုဟင်ဂျာ တစ်ယောက်အနေနဲ့ နိုင်ငံသားဖြစ်ခွင့်ပေးရမယ်။ သူတို့ဖျက်ဆီးခဲ့တာတွေ အားလုံးအတွက် သူတို့ ကျွန်တော်တို့ကို လျော်ကြေးပေးရမယ်။ ကျွန်တော်တို့အတွက် ပြီးပြည့်စုံတဲ့ဘဝလုံခြုံမှုကို အာမခံရမယ်။ ကျွန်တော်တို့ ဒါတွေမရရင် ကျွန်တော်တို့မပြန်ဘူး။

©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။




M.S မှ မြန်မာအစိုးရ ထုတ်ပေးထားသည့် ၎င်း၏ ယာယီသက်သေခံလက်မှတ်ကို ပြသနေစဉ်။

©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။

NVC လုပ်ငန်းစဉ်က ရိုဟင်ဂျာများ၏ နိုင်ငံသားဖြစ်ပိုင်ခွင့်၊ ခွဲခြားဆက်ဆံမှုမရှိရေး အခြေခံသဘောတရားများနှင့် အခြားအခြေခံ လူ့အခွင့်အရေးများကို ချိုးဖောက်နေသော်လည်း အကြီးတန်းကုလသမဂ္ဂအရာရှိများနှင့် သံတမန်များသည် NVC လုပ်ငန်းစဉ်နှင့် ယခင်ကဆောင်ရွက်ထားသည့်ကိစ္စများကို တိုးတိုးတစ်ဖုံ ကျယ်ကျယ်တစ်မျိုး ထောက်ခံလျှက်ရှိသည်။ များမကြာသေးမီက ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် Christine Schraner Burgener မှ ကြေငြာချက်တစ်ခု ထုတ်ပြန်ခဲ့ပြီး၊ ၎င်းကြေငြာချက်တွင် သူမသည် "ရိုဟင်ဂျာ" ဟူသော အသုံးအနှုန်းအား အသုံးပြုခြင်းမရှိဘဲ "သူမတွေ့ဆုံခဲ့သော နေရပ်စွန့်ခွာသူများအား (NVC) မှတ်ပုံတင်ခြင်းအတွက် လျှောက်ထားမှုများကို ထည့်သွင်းစဉ်းစားရန် တိုက်တွန်းခဲ့သည်။"

အခြားတစ်ဖက်တွင်မူ FFM မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် NVC လုပ်ငန်းစဉ်အား "ရှည်လျားနေးကွေးပြီး အတင်းအကျပ်ပြုမှုသည့် သဘောပိုမိုဆန်လာသည်" ဟု ဖော်ပြခဲ့သည်။

## တရားမျှတမှုနှင့် တာဝန်ခံမှု။

မြန်မာ့လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ကျူးလွန်နိုင်ခြေရှိခဲ့သော နိုင်ငံတကာရာဇဝတ်မှုများကို အကဲဖြတ်သုံးသပ်နေသည့် စုံစမ်းစစ်ဆေးရေးမှုများမှ ဤအစီအရင်ခံစာတွင် မှတ်တမ်းတင်ထားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ထည့်သွင်းစဉ်းစားသင့်သည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ တွင် ချမှတ်ခဲ့သော သမိုင်းဝင်ဆုံးဖြတ်ချက်တစ်ခုတွင် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) မှ ရှေ့နေရုံးအား လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာရာဇဝတ်မှုနှင့် အခြားလူမဆန်သော လုပ်ရပ်များအပါအဝင် ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှင်ထုတ်မှု၏ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုအား စုံစမ်းစစ်ဆေးရန်နှင့် ဖြစ်နိုင်လျှင် တရားစွဲဆိုရန်အတွက် စီရင်ပိုင်ခွင့်အား ပေးအပ်ခဲ့သည်။ ထို့အပြင် ၂၀၁၉ ခုနှစ် မတ်လတွင် ဂမ်ဘီးယားအစိုးရမှဦးဆောင်ပြီး Organization of Islamic Cooperation (OIC)က မြန်မာနိုင်ငံအား ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်မှုရာဇဝတ်မှုအတွက် အပြည်ပြည်ဆိုင်ရာတရားရုံးတော် (ICJ) တွင် တရားစွဲဆိုရန်အလို့ငှာ လျှောက်လဲချက်ပေးရန် ဆုံးဖြတ်ချက်တစ်ခု ထုတ်ပြန်ခဲ့သည်။

သို့သော် မြန်မာအစိုးရသည် ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များမရှိကြောင်း ထပ်တလဲလဲ ငြင်းဆိုလျှက်ရှိပြီး၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်သည့် ရက်စက်ကြမ်းကြုတ်သောရာဇဝတ်မှုများကို ကျူးလွန်သူများအား သင့်တော်သောစုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှုများဆောင်ရွက်ရန် ပျက်ကွက်နေသည်။ အစိုးရသည် FFM နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် ယန်ဟီးလီတို့အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆက်လက်ငြင်းဆန်လျှက်ရှိသည်။





D.M (၆၅ နှစ်) မှ မြန်မာအာဏာပိုင်များ ပြုလုပ်ခဲ့သော နှစ်စဉ် အိမ်ထောင်စုစစ်တမ်းတစ်ခုမှ သူ၏ အိမ်ထောင်စု လူဦးရေစာရင်းမှုရင်းအား ပြသနေစဉ်။ ရိုဟင်ဂျာအများ အပြားအတွက် ၎င်းသည် တစ်ခုတည်းသော သက်သေခံ အထောက်အထားပုံစံ ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာ စစ်တပ်မှ ဦးဆောင်သော တိုက်ခိုက်မှုများအပြီးတွင် D.M နှင့် သူ၏သား ၃ ယောက်တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့သည်။ "ကျွန်တော့်ရဲ့ မိသားစုဝင်အားလုံးက မောင်တောက (ကျွန်တော့်ရဲ့) ရွာကပါ။ ကျွန်တော့်အဖေ ကို အဲဒီမှာမွေးတယ်၊ ကျွန်တော်လည်း အဲဒီမှာမွေးတယ်၊ ကျွန်တော့်အဖိုးရဲ့ အဖေလည်း အဲဒီမှာပဲမွေးတယ်၊ စာဖတ်တတ်တဲ့ ကျွန်တော်တို့တွေက ကျွန်တော်တို့ ဒီကဒ်ကို ယူရင် ဘင်္ဂလီလို့ အခေါ်ခံရမယ်လို့ NVC ကဒ် (လျှောက်လွှာ) မှာ ဖော်ပြထားတာကို တွေ့ခဲ့တယ်။"ဟု သူကပြောသည်။ သူနှင့် သူ၏သား ၃ ယောက်တို့က ကဒ်ကိုယူရန် ငြင်းဆန်ခဲ့သည်။ "အဲ့ဒီနောက် (၂၀၁၆ ခုနှစ်)

အောက်တိုဘာလ ၉ ရက်မှာ ဖြစ်တာပဲ။ စစ်တပ်က ကျွန်တော်တို့ရွာကိုလာပြီး ကျွန်တော်တို့အိမ်တွေ အားလုံးကို မီးရှို့လိုက်တယ်။ ကျွန်တော်တို့ကို ခိုလှုံခွင့်နဲ့ အိမ်တစ်လုံးပေးတဲ့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကျေးဇူး တင်ပါတယ်။"

©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။

## အဓိက အကြံပြုချက်များ။

မြန်မာနိုင်ငံသည် ၂၀၂၀ ခုနှစ်တွင်  ရွေးကောက်ပွဲများ နီးကပ်လာပြီဖြစ်ရာ နိုင်ငံသားဖြစ်ခွင့်နှင့် တိုင်းရင်းသားဖြစ်တည်မှုကိစ္စရပ်များသည် နိုင်ငံလုံးအဆင့် ဆွေးနွေးပွဲများတွင် အခြေခံအကြောင်းအရင်းအဖြစ် ထင်ထင်ရှားရှား ဆက်လက် တည်ရှိနေပါလိမ့်မည်။ ကာလကြာရှည်နေပြီဖြစ်သော အကျပ်အတည်းအား ကိုင်တွယ်ဖြေရှင်းရန်နှင့် ရခိုင်ပြည်နယ်တွင် ရက်စက်ကြမ်းကြုတ်မှုများကို ထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ရန်အလို့ငှာ မြန်မာအစိုးရအနေဖြင့် NVC လုပ်ငန်းစဉ်အား ချက်ချင်းဖျက်သိမ်းသင့်သည်။ ထို့ပြင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာအစုအဖွဲ့များ၊ အခြားနိုင်ငံများတွင် ပြန့်ကျဲရောက်ရှိနေသူများနှင့် အဓိပ္ပါယ်ပြည့်ဝသော ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ပြီး၊ ထိုစည်းဝေးပွဲများမှ မြန်ဆန်သော အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းစဉ် တစ်ရပ်ကိုချမှတ်ကာ နိုင်ငံသားဖြစ်ခွင့်ကိုအပြည့်အဝပေးသင့်သည်။

ထိုလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် အစိုးရက ၁၉၈၂ ခု နိုင်ငံသားဥပဒေအား နိုင်ငံတကာဥပဒေစံနှုန်းများနှင့်အညီဖြစ်ရန်၊ လူမျိုးစု၊ လူမျိုး သို့မဟုတ် ကိုးကွယ်ရာဘာသာ မခွဲခြားပဲ နိုင်ငံသားဖြစ်ခွင့်ကိုအပြည့်အဝရရှိရန် အခွင့်အရေးကို သာတူညီမျှပေးရန် ပြင်ဆင်သင့်သည်။

မြန်မာနိုင်ငံအနေဖြင့် ရိုဟင်ဂျာများအား နိုင်ငံသားဖြစ်ခွင့်ကိုအပြည့်အဝ ရရှိရန် အခွင့်အရေးကို သာတူညီမျှပေးနိုင်ရန်အတွက် ၎င်း၏ဥပဒေများနှင့် မူဝါဒများတွင်သင့်လျော်သော ပြောင်းလဲမှုများမလုပ်မချင်း ကုလသမဂ္ဂ ဒုက္ခ သည်များဆိုင်ရာမဟာမင်းကြီးများရုံးမှ ပံ့ပိုးမှုဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရသည် မြန်မာနိုင်ငံသို့ ရိုဟင်ဂျာဒုက္ခသည်များကို ပြန်ပို့ရန် အစီအစဉ်များအား ဆိုင်းငံ့ထားသင့်သည်။

ဒုက္ခသည်များ နေရပ်ပြန်ပို့ခြင်းများကို ပံ့ပိုးရန်အတွက် အစီအစဉ်များသည် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများအတွက် နိုင်ငံသားအပြည့်အဝဖြစ်ပိုင်ခွင့်၊ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအပေါ်တွင် အခြေခံသင့်သည်။ ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများကို ကိုင်တွယ်ရန်နှင့် အနာဂါတ်တွင် အကာအကွယ်ပေးရန်အတွက် လမ်းကြောင်းတစ်ခုမှာ နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာနိုင်ငံတွင် ကျူးလွန်နေသော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများအတွက် တရားမျှတမှုရှိစေရန် ပြုလုပ်ခြင်း၊ မြန်မာနိုင်ငံအား ICC သို့ လွှဲပြောင်းပေးရန် သို့မဟုတ် အခြားနည်းလမ်းဖြင့် သီးခြားနိုင်ငံတကာစစ်ရာဇဝတ်ခုံရုံးတစ်ခု ထူထောင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဖိအားပေးသင့်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာစစ်တပ်ကို လက်နက်ရောင်းဝယ်မှုအား ပိတ်ပင်ရန် ဆုံးဖြတ်ချမှတ်သင့်ပြီး၊ စစ်တပ်ကပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများနှင့် ရခိုင် ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုတွင် တာဝန်ရှိသည်ဟု တွေ့ရှိရသူများအပေါ် ပစ်မှတ်ထားသည့် အရေးယူမှုများ ချမှတ်သင့်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံတကာ လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများအနေဖြင့် ရိုဟင်ဂျာများနှင့် အခြားအစုအဖွဲ့များ၏ အခွင့်အရေးကို ကာကွယ်ရန်၊ NVC လုပ်ငန်းစဉ်ကို ရိုဟင်ဂျာများက ရှောင်ရှားနိုင်စေရန်၊ ထိုလုပ်ငန်းစဉ်တွင် ပါဝင်ရန် ၎င်းတို့ ရွေးချယ်ခဲ့ရလျှင်လည်း လက်တုံ့ပြန်မည်ကို ကြောက်ရွံ့ခြင်း သို့မဟုတ် အခွင့်အလမ်းများဆုံးရှုံးခြင်းတို့ မပါရှိစေရပဲ NVC လုပ်ငန်းစဉ်အပေါ်တွင် နှစ်ဦးနှစ်ဖက်တူညီသော သဘောထားတစ်ရပ်နှင့် ညှိနှိုင်းဆောင်ရွက်ပြီး အခွင့်ရေးများကိုလေးစားစေရန် အနေအထားတစ်ခုကို ဖန်တီးသင့်သည်။ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းမှ ရိုဟင်ဂျာ လူ့အခွင့်အရေးကာကွယ်သူများက ထိုအချက်များနှင့် အခြားရည်မှန်းချက်များအတွက် ထောက်ခံအားပေးနေကြပါသည်။ ၎င်းတို့၏ လုပ်ဆောင်ချက်များအား ဤအစီအရင်ခံစာ၏ အခန်း ၄ တွင် ဖော်ပြထားပါသည်။

A.R (၈၅ နှစ်) သည် မြန်မာနိုင်ငံတွင် လယ်သမားတစ်ဦး ဖြစ်ပြီး၊ ကလေး ၆ ယောက်၏ ဖခင်လည်းဖြစ်သည်။ ၎င်း၏ သား ၂ ယောက်မှာ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် မြန်မာ စစ်တပ်မှ ဦးဆောင်သည့် တိုက်ခိုက်မှုများအတွင်း သတ်ဖြတ်ခံရသည်။ "ခင်ဗျား (NVC)ကဒ်ကို ယူလိုက်တာနဲ့၊ ခင်ဗျားဟာ (မြန်မာနိုင်ငံမှာ) ဧည့်သည့်တယောက် ဖြစ်သွားတယ်။ မင်းကိုငါ အခု ထမင်းကျွေးလို့ရတယ်၊ ဒါပေမဲ့ မင်းစားမပြီးခင်မှာတင်၊ မင်းကို ငါ့အိမ်ကနေ ထွက်သွားခိုင်းလို့ရတယ်၊ မင်းက ငါတို့အတွက် ဧည့်သည် တယောက်ဖြစ်နေလို့ပဲ။ ကျွန်တော် ဧည့်သည်တယောက် မဖြစ်ချင်ဘူး။"

©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။


























# သုတေသနနည်းစနစ်။

ဤအစီအရင်ခံစာသည် Fortify Rights မှ ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Cox’s Bazar ခရိုင်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တို့တွင် ရိုဟင်ဂျာ အမျိုးသမီး ၃၀၄ဦး အပါအဝင် တွေ့ဆုံမေးမြန်းမှု ၆၀၈ခု အပေါ်တွင် အခြေခံထားသည်။ ၄င်းတွင် Fortify Rights မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ အရပ်ဘက် အဖွဲ့အစည်းအဖွဲ့ဝင်များနှင့် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် မျက်မြင်သက်သေများ၊ လွတ်မြောက်လာသူများနှင့် ပြုလုပ်ခဲ့သော အရည်အသွေးဆိုင်ရာ တွေ့ဆုံမေးမြန်းမှု ၁၀၄ခု ပါဝင်သည်။ ဤကိန်းဂဏန်းတွင် ၂၀၁၄ ခုနှစ် နှင့် ၂၀၁၅ ခုနှစ်များတွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ထိန်းသိမ်းရေးစခန်းများနှင့် မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မလေးရှားနိုင်ငံတို့တွင် ရောက်ရှိနေသော ရိုဟင်ဂျာများ ထံမှ Fortify Rights မှ ကောက်ယူခဲ့သော ယခင်ကထုတ်ပြန်ကြေငြာထားခြင်း မရှိသေးသည့် ထွက်ဆိုချက်များ ၂၉ခုလည်း ပါဝင်သည်။ နောက်ဆုံးအနေဖြင့် ၂၀၁၈ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင်တွင် Fortify Rights မှ ပံ့ပိုးပြီး၊ လမ်းညွှန်မှုပေးထားသည့် ရိုဟင်ဂျာ သုတေသန ပြုသူများအဖွဲ့တဖွဲ့မှ ဆောင်ရွက်ခဲ့သော့ သုတေသနမှ သီးသန့်တွေ့ရှိ မှုများအပေါ် အခြေခံထားသည်။ ရိုဟင်ဂျာသုတေသနအဖွဲ့မှ ဘင်္ဂလားဒေ့ရှ် အရှေ့တောင်ပိုင်းရှိ ဒုက္ခသည်စခန်း ၃၃ ပိုင်းတွင် နေထိုင်ကြသည့် အမျိုးသမီး ၂၄၆ဦး အပါအဝင် ရိုဟင်ဂျာ ဒုက္ခသည်စုစုပေါင်း ၄၉၅ ဦးအား တွေ့ဆုံမေးမြန်းခဲ့သည်။

Fortify Rights မှ ရိုဟင်ဂျာများနှင့် အရည်အသွေးဆိုင်ရာ တွေ့ဆုံမေးမြန်းမှုများအား အင်္ဂလိပ်-ရိုဟင်ဂျာဘာသာစကား စကားပြန်တစ်ဦး၏ အကူအညီဖြင့် ရိုဟင်ဂျာ ဘာသာစကားဖြင့်ဆောင်ရွက်ခဲ့သည်။ ဤအစီအရင် ခံစာအတွက် တွေ့ဆုံမေးမြန်းခံရသူအားလုံးမှ တွေ့ဆုံမေးမြန်း ရန်နှင့် ၄င်းတို့၏ ထွက်ဆိုချက်များကို လူသိရှင်ကြား ထုတ်ပြန်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်နှင့် ပြည့်စုံစွာရှင်းပြထားပြီးဖြစ်သည့် သဘောတူ ခွင့်ပြုချက်ကို ပေးခဲ့ကြပါသည်။ ဤအစီအရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခံရသူ တယောက်မျှ အခကြေးငွေမရရှိကြပဲ အားလုံးအား တွေ့ဆုံမေးမြန်းမှု၏ ရည်ရွယ်ချက်၊ ၄င်းတို့၏ မိမိဆန္ဒအလျောက် လုပ်ဆောင်ရသည့် သဘာဝနှင့် သတင်းအချက်အလက်များအား မည်သို့အသုံးပြုမည်ကို အသိပေးအကြောင်းကြားခဲ့ပါသည်။ လုံခြုံစိတ်ချရသော နေရာတခုတွင် တွေ့ဆုံရန် ရိုဟင်ဂျာ ၃ဦးအတွက် ခရီးသွားစရိတ် အသင့်အတင့်အား Fortify Rights မှ ပြန်ထုတ်ပေးခဲ့ပါသည်။



တွေ့ဆုံမေးမြန်းမှုအချို့၏ တည်နေရာများ၊ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများနှင့် အခြားသူများ၏ အမည်များ၊ တွေ့ဆုံမေးမြန်းမှုများ၏ တည်နေရာ အသေးစိတ်အချက်အလက်များနှင့် အခြားဖော်ထုတ်နိုင်သော အသေးစိတ်အချက်အလက်များအား လုံခြုံရေးဆိုင်ရာ အကြောင်းအရင်းများ အတွက် ဤအစီအရင်ခံစာတွင် ထိမ်ချန်ထားသည် သို့မဟုတ် ပြောင်းလဲ ထားသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၇ရက်တွင် Fortify Rights မှ NVC လုပ်ငန်းစဉ် အပေါ် ပိုမိုသောသတင်းအချက်အလက်များ တောင်းခံသည့် စာတစ်စောင်အား မြန်မာအစိုးရထံသို့ ပေးပို့ခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတကြီး ဦးဝင်းမြင့်၊ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၊ မြောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်၊ လူမှုဝင်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဆွေ နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဌ ဦးဝင်းမရတို့မှ စာ၏ မိတ္တူအား လက်ခံရရှိခဲ့ကြပါသည်။ ယခု အစီအရင်ခံစာ ရေးသားနေချိန်အထိ၊ Fortify Rights သို့ တုံ့ပြန်မှုတခုအား မရရှိသေးပါ။ ထိုစာသည် ဤအစီအရင်ခံစာ ၏ နောက်ဆက်တွဲ (၃)တွင် ပါရှိသည်။

A.R, 30.
©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။





A.R., 85.
©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။



N.B., 25.
©Saiful Huq Omi, Counter Foto, Cox's Bazar, Bangladesh, ဩဂုတ်လ ၂၀၁၉။



# မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ မြေပုံ



# အချက်အလက်စုံထား သုတေသန အချက်အလက်များအား ခြုံငုံဖော်ပြချက်

၂၀၁၈ ခုနှစ် ဇူလိုင်နှင့်ဩဂုတ်လများတွင် Fortify Rights သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင်တွင် ရိုဟင်ဂျာသုတေသီ တစ်ဖွဲ့ကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများရှိ ရိုဟင်ဂျာများ၏ အခြေအနေနှင့် ပတ်သက်၍ အရေးအသွေးစုံထား သုတေသန အချက်အလက်များကိုကောက်ယူရန်နှင့် ထိုဒေတာများကို ခွဲခြမ်းစိတ်ဖြာရန် ထောက်ပံ့ခဲ့ပါသည်။ သုတေသီအုပ်စုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းရှိ ဒုက္ခသည်စခန်းများ၏ အပိုင်းပေါင်း ၃၃ ပိုင်းတွင်နေထိုင်သော အမျိုးသမီး ၂၆၄ ယောက်အပါအဝင် ရိုဟင်ဂျာဒုက္ခသည်ပေါင်း ၄၉၅ ယောက်ကို စစ်တမ်းကောက်ယူခဲ့ပါသည်။ အောက်တွင်ဖော်ပြထားသော အချက်အလက်များသည် နိုင်ငံသားစိစစ်မှုသက်သေခံကဒ်ပြားများ (NVC များ) နှင့် နိုင်ငံသားဖြစ်ခွင့်ကိုငြင်းပယ်ခြင်းနှင့် စပ်လျဉ်း၍ ရိုဟင်ဂျာများက ဦးဆောင်ကာ ပြုလုပ်ခဲ့သော သုတေသနတွေ့ရှိချက်များဖြစ်ပါသည်

## စာရွက်စာတမ်းသက်သေခံအထောက်အထားများ ထုတ်မပေးခြင်း

စစ်တမ်းကောက်ယူခဲ့သည့် ရိုဟင်ဂျာ ၁၀၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှ တရားဝင်ထုတ်ပေးသော စာရွက်စာတမ်းသက်သေခံအထောက်အထား များကိုရယူရတွင် ဟန့်တားခံရကြောင်း ပြောသည်။ (မှတ်ပုံတင်ကဲ့သို့ နိုင်ငံသားအခွင့်အရေးပေးသည့် စာရွက်စာတမ်းများကိုဆိုလိုသည်။)



100%

## စာရွက်စာတမ်းသက်သေခံအထောက်အထားများကို အတင်းအကျပ်လက်ခံခိုင်းခြင်း

စစ်တမ်းကောက်ယူခဲ့သော ရိုဟင်ဂျာများထဲမှ ၉၉.၈ ရာခိုင်နှုန်းသည် ၎င်းတို့မလိုလားသော စာရွက်စာတမ်းသက်သေခံအထောက်အထား များကို လက်ခံရန်  ဖိအားပေးခံရသည်ဟု ခံစားရကြောင်း ပြောပါသည်။ (ဥပမာ - NVC ကဒ်များ သို့မဟုတ် ၎င်းတို့လက်မခံနိုင်သော အခြားစာရွက်စာတမ်းများကို ဆိုလိုသည်။)



99.8%

## နိုင်ငံသားဖြစ်မှုကို ငြင်းဆိုခြင်း

စစ်တမ်းကောက်ယူခဲ့သည့် ရိုဟင်ဂျာ ၁၀၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခြင်းမှ တားဆီးခံရကြောင်း ပြောသည်။



100%

## သွားလာလှုပ်ရှားခွင့်ကို ပိတ်ပင်ခြင်း

စစ်တမ်းကောက်ယူခဲ့သော ရိုဟင်ဂျာများထဲမှ ၉၉.၆ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံတွင် ခရီးမသွားနိုင်အောင် တားဆီးခံရကြောင်း ပြောပါသည်။ (ဥပမာ - မြို့နယ်တစ်မြို့နယ်မှ အခြားမြို့နယ်သို့ နိုင်ငံတော်၏ ခွင့်ပြုချက်မရဘဲ သွားလာခွင့်မရှိပါ။)



99.6%

## အလုပ်လုပ်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စစ်တမ်းကောက်ယူခဲ့သော ရိုဟင်ဂျာများထဲမှ ၉၉.၆ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံတွင် အလုပ်မလုပ်နိုင်အောင် တားဆီးခံရကြောင်း ပြောပါသည်။ (ဥပမာ - လယ်ကွင်းများ၊ ငါးဖမ်းလှေများ အစရှိသည်တို့ကို ဝင်ရောက်ခြင်းမပြု။ အလုပ်လုပ်ရန် သွားလာခြင်းမပြု။)



99.6%

**လူမျိုးတုန်းသတ်ဖြတ်မှုများအားကျူးလွန်သော နိုင်ငံများသည် ၎င်းတို့ပစ်မှတ်ထားသည့် အုပ်စုတစ်စုအား တိုက်ခိုက်ဖျက်ဆီးရန်အတွက် အထောက်အပံ့ဖြစ်စေသော ဥပဒေနှင့်အုပ်ချုပ်မှုဆိုင်ရာ နည်းလမ်းများအား "အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအနေဖြင့်" မကြာခဏ အသုံးပြုကြပါသည်။**

၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ တွေ့ဆုံမေးမြန်းမှု ၆၀၀ ကျော်ကို အခြေခံထားသော **"လူမျိုးတုန်းသတ်ဖြတ်မှု၏ လက်နက်ကိရိယာများ" နိုင်ငံသားစိစစ်မှုသက်သေခံကတ်ပြားများနှင့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်ဆလင်များ၏ နိုင်ငံသားဖြစ်ခွင့်ကိုငြင်းပယ်ခြင်း** သုတေသနအစီရင်ခံစာတွင် မြန်မာအစိုးရသည် ရိုဟင်ဂျာများ၏ နိုင်ငံသားဖြစ်ခွင့်ကို ငြင်းပယ်ပြီး ၎င်းတို့၏ လူမျိုးစုဖြစ်တည်မှုသရုပ်လက္ခဏာကို ဖျောက်ဖျက်ပစ်ရန် နိုင်ငံသားစိစစ်မှုသက်သေခံကတ်ပြား (NVC) များအား ရိုဟင်ဂျာတို့မှ လက်ခံလာစေရန် နှိပ်စက်ခဲ့ပုံ၊ ဖိအားပေးခဲ့ပုံ၊ အတင်းအကျပ်စေခိုင်းခဲ့ပုံတို့ကို ဖော်ထုတ်တင်ပြထားပါသည်။

ဤအစီရင်ခံစာသည် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ် မြန်မာစစ်တပ်က ဦးဆောင်သည့် တိုက်ခိုက်မှုများ နောက်ပိုင်းတွင် NVC ကဒ်များထုတ်ပေးပြီး နိုင်ငံသားဖြစ်ခွင့်အားငြင်းဆိုမှုသည် လူမျိုးတုန်းသတ်ဖြတ်ခြင်းနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ ကျူးလွန်ရာတွင် မည်ကဲ့သို့အထောက်အပံ့ပြုသနည်းဆိုသည်နှင့် စပ်လျဥ်း၍ အရေးကြီးမေးခွန်းများကို ဆွေးနွေးထားပါသည်။

အစီရင်ခံစာက အသေးစိတ်ဆွေးနွေးထားသော အကြံပြုချက် ၂၄ ချက်တွင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မြန်မာအစိုးရအနေဖြင့် ရိုဟင်ဂျာပြဿနာ၏ အကြောင်းရင်းကို ဖြေရှင်းနိုင်ရန်၊ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်ဆလင်များ၏ နိုင်ငံသားအခွင့်အရေးကို အပြည့်အဝပြန်လည်ဖော်ဆောင်ပေးရန် သာတူညီမျှအခွင့်အလမ်းပေးမည့် လမ်းကြောင်းကို ဖော်ထုတ်တင်ပြထားပါသည်။



FORTIFY RIGHTS